**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၇) အပိုဒ်(ဃ) အပိုဒ်ခွဲ(၅)ပါ**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏**
**အတည်ပြုချက်ရယူဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် လိုအပ်သည့်စံသတ်မှတ်ချက်များ**

| စဉ် | | စီးပွားရေးလုပ်ငန်း အမျိုးအစား | လိုအပ်သည့်စံသတ်မှတ်ချက်များ |
|---|---|---|---|
| ၁ | | သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရကစီမံခန့်ခွဲ ခွင့် ရှိသောမြေတွင် သစ်ခုတ်လှဲ ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ခြင်း | (က) သစ်ခုတ်လှဲထုတ်လုပ်ခြင်းအတွက်သစ်တောဦးစီးဌာန၏ ကျွန်းစို/သစ်မာ ပင်ထောင်ရိုက်မှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (Standard Operating Procedure-SOP) နှင့်အညီ ဆောင်ရွက်ရမည်။ |
| ၂ | | သစ်တောစိုက်ခင်း (ကျွန်း၊ သစ်မာ၊ ဝါး၊ ကြိမ် အစရှိသည့်စိုက်ခင်း) များ တည်ထောင်ခြင်း | (က) ပုဂ္ဂလိကလုပ်ငန်းရှင် တစ်ဦးလျှင် တစ်ကြိမ်လျှင် ကျွန်း စိုက်ခင်းဧက(၅၀၀)၊ သစ်မာ စိုက်ခင်းဧက (၁၀၀)အထိသာ ခွင့်ပြုပါသည်။<br>(ခ) ဧက(၁၀၀၀)နှင့်အထက် လုပ်ကွက်များတွင် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် သစ်တောမြေများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုဂ္ဂလိက သစ်တောစိုက်ခင်း တည်ထောင်ခွင့်ပြုပါသည်။<br>(ဂ) ပုဂ္ဂလိက(သစ်မာ)စိုက်ခင်း တည်ထောင်ခွင့် လျှောက်ထားရာတွင် သစ်တောဦးစီးဌာနမှ စိစစ်ခွင့်ပြုသည့် အချက်အလက်များ<br>(၁) သစ်တောစီမံအုပ်ချုပ်ခွင့်ရှိသောမြေ (ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်သော) များရှိ တောပျက်၊ တောညံ့၊ ဖုန်းဆိုးတောမြေ၊ ဌာနမှဆောင်ရွက်သည့်စိုက်ခင်း၊ အခြားမြေအသုံးချမှုအစီအစဉ်များ၊ အရေးကြီးဆည်/တမံများ၏ ရေဝေရေလဲဧရိယာများနှင့် လွတ်ကင်းသောမြေများ၊ လယ်/ယာမြေများနှင့် လွတ်ကင်းသောမြေများတွင်သာ ခွင့်ပြုပါသည်။<br>(၂) ပုဂ္ဂလိကစိုက်ခင်းဇုံအတွင်း ကျရောက်ရန် လိုအပ်ပါသည်။<br>(၃) ပဲခူးရိုးမဧရိယာတွင် ယူကလစ်၊ ရာဘာ စိုက်ပျိုးခွင့်မပြုပါ။<br>(၄) ပုဂ္ဂလိကသစ်မာစိုက်ခင်း ဧက(၁၀၀)ထက် |

| စဉ် | | စီးပွားရေးလုပ်ငန်း အမျိုးအစား | လိုအပ်သည့်စံသတ်မှတ်ချက်များ |
|---|---|---|---|
| | | | ကျော်လွန်၍ လျှောက်ထားခြင်းကို ဇကေ (၁၀၀) အထိသာ ခွင့်ပြုပါသည်။ |
| ၃ | | သစ်တောစိုက်ခင်းများ ထူထောင်၍ သစ်အခြေခံ စက်မှုလုပ်ငန်းများနှင့် ယင်းနှင့်ဆက်စပ်သော လုပ်ငန်းများ | (က) သစ်အခြေခံစက်မှုလုပ်ငန်းများအား နိုင်ငံခြားကုမ္ပဏီများနှင့်အကျိုးတူပူးပေါင်း၍ဖြစ်စေ၊ ရာခိုင်နှုန်းပြည့် ရင်းနှီးမြှုပ်နှံမှုဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်ပါသည်။ သစ်အခြေခံစက်မှု လုပ်ငန်းများအတွက် လိုအပ်သော ရေရှည် ကုန်ကြမ်းရရှိနိုင်ရေးအတွက် ကိုယ်ပိုင်သစ်တောစိုက်ခင်းများ တည်ထောင်ကြရန် လိုအပ်ပါသည်။<br>(ခ) သစ်အချောထည်စက်တည်ထောင်ခွင့်နှင့်ပတ်သက်၍ လျှောက်ထားလိုသူ၏ တရားဝင် အမည်ပေါက်ပိုင်ဆိုင်သည့် မြေနေရာနှင့် လုံလောက်သော ကုန်ကြမ်း အထောက်အထား၊ မြို့နယ်စည်ပင်သာယာ၏ လုပ်ငန်းလိုင်စင်တို့ဖြင့် သစ်တောဥပဒေ ပုဒ်မ ၃၀၊ နည်းဥပဒေပုဒ်မ ၈၉၊ ၉၀ တို့အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ပြည်ထောင်စုဝန်ကြီးရုံးများသို့ တင်ပြလျှောက်ထားနိုင်သည်။ |
| ၄ | | သစ်တောနယ်မြေနှင့် သဘာဝနယ်မြေများအတွင်း သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်း ဆောင်ရွက်ခြင်း | - |
| ၅ | | မျိုးရိုးဗီဇ ပြုပြင်ပြောင်းလဲသော ပစ္စည်းနှင့် ပြုပြင်ပြောင်းလဲထားသော သက်ရှိပစ္စည်းများကို ပြည်ပမှစီးပွားရေးအလို့ငှာ တင်သွင်း၍ ထပ်မံ မျိုးပွားခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်း | (က) မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသော ပစ္စည်းများနှင့် ပြုပြင်ပြောင်းလဲထားသော သက်ရှိပစ္စည်းများကို ပြည်ပမှ စီးပွားရေးအလို့ငှာတင်သွင်း၍ ထပ်မံမျိုးပွားခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း<br>(၁) ပြည်ပမှတင်သွင်း၍ မွေးမြူထုတ်လုပ်မည့် မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသော ပစ္စည်းများနှင့် ပြုပြင်ပြောင်းလဲထားသော သက်ရှိပစ္စည်းများသည် မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း |

| စဉ် | | စီးပွားရေးလုပ်ငန်း အမျိုးအစား | လိုအပ်သည့်စံသတ်မှတ်ချက်များ |
|---|---|---|---|
| | | | (Convention on International Trade in Endangered Species of Wild Fauna and Flora-CITES) နောက်ဆက်တွဲ စာရင်းဝင်မျိုးစိတ်များဖြစ်ပါက တင်သွင်းမှု၊ မွေးမြူစိုက်ပျိုး ထုတ်လုပ်မှုနှင့် တင်ပို့မှုတို့ကို CITES လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ထားခြင်း၊<br>(၂) မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသော ပစ္စည်းများနှင့် ပြုပြင်ပြောင်းလဲထားသော သက်ရှိပစ္စည်းများသည် ကူးစက်ရောဂါပိုး၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရောဂါပိုးနှင့် အဆိပ်အတောက် ကင်းရှင်းကြောင်း သက်သေခံအထောက်အထားများ ပါရှိခြင်း၊<br>(၃) မျိုးရိုးဗီဇ ပြုပြင်ပြောင်းလဲထားသော ပစ္စည်းများနှင့် ပြုပြင်ပြောင်းလဲထားသော သက်ရှိပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲ၊ လူတို့၏ ကျန်းမာရေးအပေါ် ထိခိုက်မှုမရှိစေသည့် အစီအမံများနှင့် ထိခိုက်မှုဖြစ်ပေါ်လာပါက အရေးယူ တားဆီးနိုင်မည့် အစီအမံများ ပါရှိခြင်း၊<br>(၄) မျိုးပွား၊ ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသည့် မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသော ပစ္စည်းများနှင့် ပြုပြင်ပြောင်းလဲထားသော သက်ရှိပစ္စည်းများကို အသုံးပြုခြင်း၊ စားသုံးခြင်းကြောင့် လူတို့၏ ကျန်းမာရေးအပါအဝင် အခြားထိခိုက်မှုများရှိပါက တာဝန်ယူမှု၊ လျော်ကြေးပေးမှုဆိုင်ရာ အစီအမံများ ပါရှိခြင်း၊ |
| ၆ | | အဖိုးတန်ရှားပါးသော သစ်မျိုးများ မျိုးကောင်း မျိုးသန့် | (က) အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (IUCN)နှင့် မျိုးသုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန် |

| စဉ် | | စီးပွားရေးလုပ်ငန်း အမျိုးအစား | လိုအပ်သည့်စံသတ်မှတ်ချက်များ |
|---|---|---|---|
| | | ထုတ်လုပ်ခြင်း၊ ထိန်းသိမ်းခြင်း၊ တစ်သျှူး မွေးမြူ ထုတ်လုပ်ခြင်းအစ ရှိသည့် သစ်တောကဏ္ဍာ အဆင့်မြင့်နည်းပညာ သုတေသနလုပ်ငန်းနှင့် စီးပွားဖြစ်လုပ်ကိုင်ဆောင် ရွက်သည့်လုပ်ငန်းများ | နှင့် သစ်ပင်ပန်းမာန်များ နိုင်ငံတကာ ကုန်သွယ်မှု ဆိုင်ရာ ကွန်ဗင်းရှင်း(CITES) စာရင်းဝင် အဖိုးတန်ရှားပါးသော သစ်မျိုးစိတ်များ၏ မျိုးရိုးဗီဇများကို ထိန်းသိမ်းခြင်း၊<br>(ခ) သဘာဝတောနှင့် သက်ကြီးစိုက်ခင်းများမှ သွင်ပြင်လက္ခဏာ ကောင်းသောအပင်များအား မျိုးကောင်းမျိုးသန့်ပင်များအဖြစ် ရွေးချယ် သတ်မှတ်ပြီး မျိုးရိုးဗီဇထိန်းသိမ်းခြင်း၊<br>(ဂ) သွင်ပြင်လက္ခဏာကောင်းမွန်သော အပင်များဖြင့် သစ်စေ့ထုတ်ဧရိယာများ တည်ထောင်၍ ၎င်းမှ ရရှိသော မျိုးကောင်းမျိုးသန့်သစ်စေ့များဖြင့် မျိုးကောင်းမျိုးသန့်ပင်များ ပွားများထုတ်လုပ်ခြင်း၊<br>(ဃ) သစ်မျိုးသန့်ဥယျာဉ်နှင့် မျိုးထုတ်အပင်ငယ် ဥယျာဉ်များ တည်ထောင်ခြင်းဖြင့်လည်းကောင်း၊ တစ်သျှူးမျိုးပွားခြင်း နည်းလမ်းဖြင့်လည်းကောင်း မျိုးကောင်းမျိုးသန့် ပျိုးပင်များ အမြောက်အများ ပွားများထုတ်လုပ်ခြင်း၊ |
| ၇ | | သစ်တောကဏ္ဍာ အဆင့်မြင့် နည်းပညာ၊ သုတေသန ဖွံ့ဖြိုး တိုးတက်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ | သစ်တောဦးစီးဌာန၏ နည်းပညာဆိုင်ရာထောက်ခံချက် တစ်စုံတစ်ရာပါရှိရပါမည်။ |
| ၈ | | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝ အပင်များကို စီးပွားရေးအလို့ငှာ ပြည်ပမှတင်သွင်း၍ မွေးမြူ ထုတ်လုပ်ပြီး ပြည်တွင်း/ပြည်ပ သို့ တင်ပို့ရောင်းချခြင်း လုပ်ငန်းများ | (က) ပြည်ပမှတင်သွင်း၍ မွေးမြူထုတ်လုပ်မည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များသည် မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကုန်သွယ်မှု ဆိုင်ရာကွန်ဗင်းရှင်း (Convention on International Trade in Endangered Species of Wild Fauna and Flora) နောက်ဆက်တွဲ စာရင်းဝင်မျိုးစိတ်များ ဖြစ်ပါက တင်သွင်းမှု၊ မွေးမြူ စိုက်ပျိုးထုတ်လုပ်မှုနှင့် တင်ပို့မှုတို့ကို CITES လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ထားခြင်း၊<br>(ခ) တင်သွင်းလာမည့် ပြည်ပမျိုး တောရိုင်းတိရစ္ဆာန် |

| စဉ် | | စီးပွားရေးလုပ်ငန်း အမျိုးအစား | လိုအပ်သည့်စံသတ်မှတ်ချက်များ |
|---|---|---|---|
| | | | များနှင့် သဘာဝအပင်များသည်သည် ကူးစက်ရောဂါပိုး၊ဘေးအန္တရာယ်ဖြစ်စေနိုင်သောရောဂါပိုးနှင့် အဆိပ်အတောက်ကင်းရှင်မှု သက်သေခံအထောက်အထားများပါရှိခြင်း၊<br>(ဂ) မွေးမြူမည့် တိရစ္ဆာန်များကြောင့် ကူးစက်ရောဂါပိုးများ ဖြစ်ပေါ်မလာစေနိုင်မည့် အစီအမံများ၊ ပြည်တွင်းမျိုးများအပေါ်သို့ မျိုးရိုးဗီဇရောယှက်စေမှုနှင့် ပြည်တွင်းမျိုးများ၏ မျိုးဆက်ပြန့်ပွားမှုကို ထိခိုက်မှု ဖြစ်ပေါ်မလာစေနိုင်သည့် အစီအမံများပါရှိခြင်းနှင့် ဖြစ်ပေါ်လာပါက အရေးယူတားဆီးနိုင်မည့် အစီအမံများပါရှိခြင်း၊ |
| ၉ | | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဓာတ်သတ္တု အကြီးစား ထုတ်လုပ်ရန်အတွက် ရှာဖွေခြင်း၊ စမ်းသပ် တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း လုပ်ငန်းနှင့် ထုတ်လုပ်မှု လုပ်ငန်းများ | (က) သတ္တုကဏ္ဍတွင် လုပ်ငန်းအတွေ့အကြုံရှိခြင်း၊<br>(ခ) ဘေးအန္တရာယ်ကင်းရှင်း၍ Proven Technology ဖြင့် Mine Design/ Development Plan များတင်ပြနိုင်ခြင်း၊<br>(ဂ) ပြည်တွင်းပညာရှင်များခန့်ထားခြင်း၊ နည်းပညာလွှဲပြောင်းပေးခြင်းနှင့် လေ့ကျင့်ပေးနိုင်ခြင်း၊ |
| ၁၀ | | နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဓာတ်သတ္တု ထုတ်လုပ်ရန် အတွက် ရှာဖွေခြင်း၊ စမ်းသပ် တိုင်းတာခြင်း၊ ဖြစ်မြောက် နိုင်စွမ်း လေ့လာခြင်းလုပ်ငန်းနှင့် အကြီးစား၊ အလတ်စား၊ အသေးစား ထုတ်လုပ်မှု လုပ်ငန်းများ | (က) သတ္တုကဏ္ဍတွင် လုပ်ငန်းအတွေ့အကြုံရှိခြင်း၊<br>(ခ) ဘေးအန္တရာယ်ကင်းရှင်း၍ Proven Technology ဖြင့် Mine Design/ Development Plan များ တင်ပြနိုင်ခြင်း၊<br>(ဂ) ပြည်တွင်းပညာရှင်များ ခန့်ထားခြင်း၊ နည်းပညာလွှဲပြောင်းပေးခြင်းနှင့်လေ့ကျင့်ပေးနိုင်ခြင်း၊ |
| ၁၁ | | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ကျောက်မျက်ရတနာအရောင်းအဝယ်သည် ပြုလုပ်ခြင်းနှင့် လက်ဝတ်ရတနာ ပြုလုပ်ခြင်းလုပ်ငန်း၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်း ရောင်းချခြင်းလုပ်ငန်း | (က) လုပ်ငန်းစီမံချက်၊ Mine Plan တင်ပြနိုင်ခြင်း၊<br>(ခ) Project Proposal တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေနှင့်အညီ EMP အစီရင်ခံစာကို အတည်ပြုထားသည့် အထောက်အထား၊ |

| စဉ် | | စီးပွားရေးလုပ်ငန်း အမျိုးအစား | လိုအပ်သည့်စံသတ်မှတ်ချက်များ |
|---|---|---|---|
| ၁၂ | | နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း၊ အချောထည်ပြုလုပ်ခြင်းနှင့် လက်ဝတ်ရတနာပြုလုပ်ခြင်း လုပ်ငန်း၊ ကျောက်မျက်ရတနာ အချောထည် နှင့် လက်ဝတ် ရတနာ၊ ကျောက်မျက် ရတနာဖြင့်ပြုလုပ်သော ပစ္စည်း ရောင်းချခြင်းလုပ်ငန်း | (က) နိုင်ငံသားရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်လိုသည့် လုပ်ကွက် အမျိုးအစားအလိုက် ဝန်ကြီးဌာန သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် အဆိုပြုလွှာခေါ်ယူသည့် အခါ သတ်မှတ်ချက်များနှင့်အညီ ဝင်ရောက် ယှဉ်ပြိုင်၍ အဆိုပြုလွှာတင်သွင်းခြင်း၊<br>(ခ) ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအတွက် စီမံကိန်း အဆိုပြုလွှာ(Project Proposal) နှင့်အတူ ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ချက်(IEE)၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (EMP) ကို ရေးဆွဲတင်ပြခြင်း၊<br>(ဂ) အကြီးစား သို့မဟုတ် အလတ်စား တူးဖော် ထုတ်လုပ်ခြင်းအတွက် မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ထုတ်လုပ်မှု အပေါ် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း ဆိုင်ရာ ကုန်ကျစရိတ်များအပါအဝင် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ငန်းသဘောတူ စာချုပ် ချုပ်ဆိုလုပ်ကိုင်ခြင်း၊ |
| ၁၃ | | ပုလဲမွေးမြူထုတ်လုပ်ခြင်း လုပ်ငန်း | (က) ပုလဲမွေးမြူခြင်းလုပ်ငန်းတွင် အတွေ့အကြုံရှိသူ ဖြစ်ခြင်း၊<br>(ခ) အသုံးပြုမည့် ပုလဲမွေးမြူရေးကျွမ်းကျင်သူ၊ မုတ် ကောင်သားဖောက်ကျွမ်းကျင်သူ၊ မုတ်ကောင် ပြုစုစောင့်ရှောက်သည့် လုပ်ငန်းကျွမ်းကျင်သူ၊ ပုလဲမွေးမြူရေး ရေငုပ်ကျွမ်းကျင်သူ၊<br>(ဂ) ပြည်တွင်းပညာရှင်များ ခန့်ထားခြင်း၊ နည်းပညာ လွှဲပြောင်းပေးခြင်းနှင့် လေ့ကျင့်ခြင်း၊ |
| ၁၄ | | အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်း | - |
| ၁၅ | | အကြီးစားစက္ကူပျော့ဖတ် ထုတ်လုပ်ခြင်း လုပ်ငန်း | - |